# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

October 14 , 2024 — Volume 83, Number 10


| ၁၄.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၅. ၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၇.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၈.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၂၆၃ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၆ လအတွင်း ဆန်တင်ပို့မှုမှ ဒေါ်လာ ၄၅၈ သန်း ရရှိထားကြောင်း MRF ထုတ်ပြန်



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလကုန်အထိ ၆ လတာ အတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံဆန်နဲ့ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၄၅၈ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန် ထားသည်။

ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၉၃၇၈၄၆ ဒသမ ၅၈ တန် တင်ပို့မှုကနေ ရရှိထားပြီး အင်ဒိုနီးရှားနိုင်ငံက အများဆုံးဝယ်ယူတာဖြစ်ကြောင်း MRF တာဝန်ရှိသူတစ်ဦးက ပြောသည်။

လအလိုက် တင်ပို့မှုကိုကြည့်ရင် စက်တင်ဘာလမှာ အများဆုံးတင်ပို့နိုင်ခဲ့ပြီး တန်ချိန် ၂၁၉,၅၆၅ ဒသမ ၁၃ တန် တင်ပို့မှုမှ ဒေါ်လာ ၁၀၄ သန်းအထိ စံချိန်တင် ရရှိခဲ့ခြင်း ဖြစ်သည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်းအထိ ရရှိထားတာကိုလည်း MRF ၏အချက်အလက်တွေအရ သိရသည်။

ဆန်နှင့် ဆန်ကွဲ အမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ ၁၅ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး အင်ဒိုနီးရှားနှင့် တရုတ်တို့က အများဆုံးဝယ်ယူသူတွေ အဖြစ် ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုကနေ အများအပြားဝယ်ယူလျက်ရှိပြီး တရုတ်၊ ဘယ်လ်ဂျီယံနှင့် အင်ဒိုနီးရှားနိုင်ငံတွေက အများဆုံး ဝယ်ယူလျက်ရှိတာကို စာရင်းတွေမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်အထိ ဘဏ္ဍာနှစ်အတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပို့ကုန်ရငွေကို ထိန်းချုပ်သည့် ငွေကြေးမူဝါဒကြောင့် ဆန်တင်ပို့မှုကို အနည်းငယ် လျော့နည်းစေသည်။

ထို့ပြင် အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့်လည်း ဆန်တင်ပို့ရောင်းချမှုကို အဟန့်အတားဖြစ်ကြောင်း MRF ဥက္ကဋ္ဌက ပြောကြားကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ကျွန်းသစ်လုံးနှင့် သစ်မာတန်ချိန် ၃၅၀၀ ကျော်ရောင်းချမည်



စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/ခွဲသားတန် ၃၅၃၃ တန်ကျော်ကို ပြည်တွင်းသစ်အချောထည် လုပ်ငန်းရှင် များထံသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ သိရသည်။

အဆိုပါ ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများကို ရောင်းချရန်အတွက် မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနက အိတ်ဖွင့်တင်ဒါ ကြေညာထားခြင်းသည်။

ယင်းသို့ ရောင်းချပေးမည့်သစ်များမှာ ရန်ကုန်၊ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရေဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သစ်များဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ရုံးချုပ် တွင် အောက်တိုဘာ ၂၄ ရက်တွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း၏ ဝက်ဆိုဒ်ဖြစ်သည့် www.mte.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်သလို ဖုန်းနံပါတ် ၀၁-၃၇၂၀၂၃၊ ၃၇၂၆၈၈ သို့ဆက်သွယ်နိုင်ကြောင်း အသိပေးထားသည်။

ထို့ပြင် တိုင်းပြည် သဘာဝအရင်းအမြစ်များ ရေရှည်အသုံးပြုနိုင်ရန်နှင့် သစ်တောပြုန်းတီးမှုကာကွယ်ရန် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ခြင်းကို အစိုးရ တားမြစ်ကန့်သတ်ခဲ့ပြီး သစ်ခွဲသားနှင့် သစ်အချောထည် ထုတ်ကုန်များ တင်ပို့ခြင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်စေရန် ရည်ရွယ်၍ ခွင့်ပြုထားခြင်း ဖြစ်သည်။

**Source :** https://www.popularmyanmar.com/

## တရုတ်သို့ ကုန်စည်တင်ပို့မှု ရပ်တန့်နေသည့်အတွက် ပြည်တွင်းဈေးကွက်တစ်ခုတည်းကိုသာ အားထားရမည့်သစ်သီးဈေးကွက်

တရုတ်သို့ အဓိကထားတင်ပို့နေရသည့် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသော သစ်သီးများကို ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်တစ်ခုတည်းကိုသာ အားထားရမည်ဖြစ်ကြောင်း သစ်သီးကုန်သည်များက ပြောပြသည်။

သစ်သီးဝလံများကို အညာဒေသတွင် အများဆုံးစိုက်ပျိုးလေ့ရှိပြီး စိုက်ပျိုးထွက်ရှိသည့် သစ်သီးများကိုလည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

“ အသီးတွေက အညာဘက်ကနေထွက်တာများတယ်။ အဲဒီကနေ စိုက်ကြတာများတယ်။ တဖြည်းဖြည်းနဲ့ စိုက်ပျိုး ထုတ်လုပ်မှုကလည်း အားနည်းလာတယ်။ ထိုင်းဘက်ဆိုရင်လည်း လမ်းကမပွင့်ဘူး။ ပွင့်တဲ့လမ်းကြောင်းကျတော့လည်း တန်ဆာခဈေးကြီးတယ်။ တရုတ်ဘက်ကျတော့လည်း လုံးဝမသွားနိုင်ဘူး။ ပြည်တွင်းဈေးကွက်ကိုပဲ အားထားရမှာ။ တစ်နှစ် ထက်တစ်နှစ်စိုက်ပျိုးမှုလျော့ကျလာတယ်” ဟု သစ်သီးပွဲရုံတစ်ခုမှ ပွဲရုံပိုင်ရှင်က ပြောသည်။

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများကို ယခင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)မှတစ်ဆင့် တရုတ်သို့ အဓိကတင်ပို့ခြင်းဖြစ်ပြီး ယခုအခါ တင်ပို့နိုင်ခြင်းမရှိသလို ရှမ်းပြည်နယ်(အရှေ့ဘက်)ရှိ မိုင်းလားမှတစ်ဆင့် တင်ပို့နေရခြင်း ဖြစ်သည်။

မကြာခင် ဖရဲ၊ သခွားရာသီသို့ ရောက်ရှိတော့မည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ နှစ်စဉ် နိုဝင်ဘာလမှ မေလအထိ ပုံမှန်တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## စားဖိုဆောင်သီးနှံဈေးကွက် သုံးသပ်ချက် ၇-၁၁.၁၀.၂၀၂၄

### ချင်း




ချင်းတက်အစိုက ပြည်ပကိုတင်ပို့မှုမရှိတဲ့အတွက် ပြည်တွင်း ဈေးကွက်ကိုပဲ မှီခိုနေရတာကြောင့် ချင်းတက် ဈေးတန်းအေးနေပါတယ်။ ချင်းတက် ဈေးကွက်က အရည်အသွေးကောင်းရင်ကောင်းသလို အခက်လှရင်လှသလိုပွဲစားဈေးဖြတ်တဲ့အပေါ်မူတည်ပြီးဈေးအတက်အကျရှိနေပါတယ်။

ချင်းတက်အများဆုံးထွက်တဲ့ ရှမ်းပြည်အောင်ပန်းကုန်စည်ဒိုင် ဈေးကွက်မှာ ချင်းတက်ဈေးက ချင်းဥမမြေနီအကြီး တစ်ပိဿာကို ၄၀၀၀ ကျပ်၊ ချင်းဥမမြေနီအလတ် တစ်ပိဿာကို ၃၅၀၀ ကျပ် ဈေးပေါက်ရှိနေပါတယ်။ လက်လီဈေးကွက်မှာက ချင်းတစ်ပိဿာကို အနိမ့်ဆုံး ၅၀၀၀ ကျပ် ရောင်းချမှုရှိပါတယ်။

### ကြက်သွန်ဖြူ

ကြက်သွန်ဖြူက ခုတပတ်ရန်ကုန်ဈေးကွက်မှာ တရုတ်ကြက်သွန်ဖြူကြူကုတ်က ဈေးတက်လာပြီး ရှမ်းကြက်သွန်ဖြူတွေက ဈေးအနည်းငယ်ကျပါတယ်။ ရှမ်းပြည်နယ် အောင်ပန်းကုန်စည်ဒိုင်ဈေးကွက်မှာ ကြူကုတ်ရော ရှမ်းကြက်သွန်ဖြူ အားလုံးအတက်အကျမရှိ ငြိမ်နေပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှာ ကြူကုတ်တစ်ပိဿာကို ၁၇,၀၀၀ ကနေ ၁၇,၂၀၀ ကျပ်ရှိပြီး အရင်တစ်ပတ်ကထက်တစ်ပိဿာကို ၁၂၀၀ လောက်တက်လာပါတယ်။ ရှမ်းကြက်သွန်ဖြူတွေဖြစ်တဲ့ ထူး၂ က ၉၀၀၀၊ ထူး၃က ၁၀,၃၀၀၊ ထူး၄က ၁၀,၈၀၀၊ ထူး၅ က ၁၁,၃၀၀ ကျပ်ရှိပြီး အရင်တစ်ပတ်ကထက် တစ်ပိဿာကို ၅၀၀ လောက် ဈေးကျပါတယ်။

ရှမ်းပြည်နယ်အောင်ပန်းကုန်စည်ဒိုင်ဈေးကွက်မှာ အောင်ပန်းထူး၂ တစ်ပိဿာကို ၁၀,၀၀၀ ကျပ်၊ အောင်ပန်းထူး ၃ က ၁၁,၅၀၀ ကျပ်၊ အောင်ပန်းထူး ၄က ၁၂,၀၀၀ ကျပ်ရှိပြီး အောင်ပန်းထူး ၅ တစ်ပိဿာကို ၁၂,၅၀၀ ကျပ်၊ ထူးလွန်က ၁၃,၀၀၀ မှ ၁၆,၀၀၀၊ ကြူကုတ်က ၂၀,၀၀၀ ကျပ်ဈေး အထိရှိနေပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီက နယ်ကုန်စည်ဒိုင်တွေကို ကြက်သွန်အဝင်နည်းသလို ရန်ကုန်ဘုရင့်နောင်ကိုလည်း ကြက်သွန်ကား အဝင်နည်းတာကြောင့် ခုရက်ပိုင်းမှာ ဈေးတန်ပြန်လှုပ်လာပါတယ်။ ဒါကြောင့် ကြက်သွန်က ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်နေပြီး အရည်အသွေးကောင်းတာက ပို့ကုန်တင်ပို့မှုရှိလို့ ဈေးကောင်းရနေပါတယ်။

ခုတစ်ပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ဆိပ်ဖြူကြက်သွန်နီမှာ ရှယ်က ၂၇၀၀၊ လတ်ကြီး ၂၅၀၀၊ လတ်သန့်က ၂၁၀၀ ကျပ်နဲ့ မြင်းခြံကြက်သွန်နီက ၁၃၀၀ ကျပ်ကနေ ၂၈၀၀ကျပ်ဈေးရှိကာမုံရွာကြက်သွန်က ၁၄၅၀ ကနေ ၂၈၀၀ ကျပ်ရှိ နေပါတယ်။

**အာလူး**

အာလူးဈေးကွက်မှာ တရုတ်ကနေတင်သွင်းတဲ့ တရုတ်အာလူးနဲ့ ပြည်တွင်းထွက် အာလူးရော ခုတစ်ပတ်ရန်ကုန်ဈေးကွက်မှာ ဈေးတက်လာပါတယ်။ သယ်ယူပို့ဆောင်ရေးအခက်အခဲနဲ့ ကုန်အဝင်နည်းတာကြောင့် ဈေးတန်းမြင့်တက်လာတာ ဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တရုတ်အာလူး တစ်ပိဿာကို ၆၃၀၀ မှ ၆၅၀၀ ကျပ်ရှိပြီး အရင်တစ်ပတ်ကထက် ၆၀၀ လောက်တက်လာပါတယ်။ ပြည်တွင်းထွက် အာလူးဖြစ်တဲ့ အောင်ပန်း OK က ၅၂၀၀ နဲ့အောင်ပန်း S1က ၅၇၀၀ ကျပ်ရှိပြီး အရင်တစ်ပတ်ကထက် ၇၀၀ ကျပ် တက်လာပါတယ်။ ရှမ်းပြည်အောင်ပန်း ကုန်စည်ဒိုင်ဈေးကွက်မှာတော့ မျက်နီ S-2 /S1 က တစ်ပိဿာကို ၆၀၀၀ ကျပ်၊ A-1 က ၁၃၀၀ ကျပ်မှ ၁၈၀၀ ကျပ်၊ မျက်နီ S1/ OK က ၅၅၀၀ ကျပ်၊ မားကစ် S2/ S-1 ၆၅၀၀ ကျပ်၊ မျက်နီ OK က ၅၀၀၀ ကျပ်၊ မျက်နီ A1 က ၃၈၀၀ ကျပ်နဲ့ ဈေးတန်းငြိမ်နေပါတယ်။

**သကြား**

သကြားကတော့ လက်ရှိမှာ ပြည်ပတင်ပို့မှု နည်းသွားပေမဲ့ ပြည်တွင်းမှာ အဓိက ဝယ်ယူသုံးစွဲမှု ရှိနေပါတယ်။

သကြားကလက်ကျန်နည်းရင် ဈေးတက်လေ့ရှိပြီး လက်ကျန်များရင် ဈေးကျတဲ့အခြေအနေရှိပါတယ်။ လက်ရှိပြည်တွင်းမှာ သကြားလက်ကျန်က ပြည်တွင်းစားသုံးမှုအတွက် ဖူလုံပေမဲ့လည်း ဝယ်လိုအားကောင်းတာကြောင့် ဈေးကအတက်ဈေးမှာပဲ ရှိနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ သကြားတစ်ပိဿာကို ၄၆၅၀ မှ ၅၀၀၀ ကျပ်နဲ့ အရင်တစ်ပတ်ကအတိုင်း ရှိနေပါတယ်။ လက်ကားဈေးကွက်မှာ တစ်ပိဿာ ၇၀၀၀ ကျပ်လောက် ဈေးပေါက်နေပါတယ်။

**Source – AMIA**

**Green Way**

**"အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်"**

## ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်း ပဲ၊ နှမ်းဈေးကွက် ဆက်တိုက် အရောင်းအဝယ်အေးနေ

ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်း ပဲ၊ နှမ်းဈေးကွက် ဆက်တိုက်အရောင်းအဝယ်အေးနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ဆောင်းရာသီစိုက်ပျိုးမည့် ကုလားပဲမျိုးဈေးကွက်မှာ သီတင်းကျွတ်ကာလ နောက်ပိုင်းမှသာ အရောင်းအဝယ် ကောင်းလာမည်ဖြစ်သည်။

စက်တင်ဘာလက ဖြစ်ပွားခဲ့တဲ့ ပြည်တွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပြီးကတည်းက ပဲ၊ နှမ်းဈေးကွက်မှာ အရောင်းအဝယ် ခပ်အေးအေးဖြင့် အရောင်းအဝယ်ရှိနေကြောင်း အောက်တိုဘာလဆန်းကျော်ထိ ပြည်တွင်းဒေါ်လာဈေးကျဆင်းသလို ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်မှာ ဈေးနှုန်းကျဆင်းမှု အနည်းငယ်သာရှိပြီး အရောင်းအဝယ်က လိုအပ်သလောက်သာ ဝယ်ယူနေခြင်းဖြစ်ကြောင်းမြေပဲဆန်ကို ပို့ကုန်အဖြစ် တရုတ်လိုင်းအဝယ်မရှိသလောက်ဖြစ်နေပြီး ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအားသာရှိ

နေခြင်းကြောင့် ဈေးကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

" ဒေါ်လာဈေးငြိမ်နေတော့ ပို့ကုန်ပဲတွေလည်း ဈေးကျဆင်း အဝယ်အေးနေတုန်းပါ။ ပြည်တွင်းသုံး ကုလားပဲတွေကလည်း ဈေးကျဆင်းနေပြီး "လိုရောင်းလိုဝယ်" လောက်သာ အရောင်းအဝယ် ဖြစ်နေတာမျိုးပါ။ ဒီလိုဖြစ်နေတာက ပဲ၊ နှမ်း အကုန်လုံး ဖြစ်နေတာပါ။ မြေပဲဆန်တွေလည်း အသစ်တွေဝင်လာတော့ ဆီဆန်တွေဆိုရင် တစ်ပိဿာ ကျပ် ၆၀၀၀ ကျော်လောက်သာ ပေါက်ဈေးရှိတော့တယ်။ လက်ရှိမှာ မြေပဲဆန်က တရုတ်လိုင်းအဝယ် မရှိသလောက် ဖြစ်နေပါတယ်။ သီတင်းကျွတ်ကာလ နောက်ပိုင်းမှသာ ကုလားပဲမျိုးဈေးကွက် အရောင်းအဝယ်သွက်လာနိုင်ပါတယ်။ လက်ရှိမှာတော့ ပုံမှန်ဈေးကွက်နဲ့ အရောင်း အဝယ်လုပ်နေတာ တစ်လလောက်ရှိပါပြီ "ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၉ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ကျပ် ၃၆၀,၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ကျပ် ၄၅၀,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ကျပ် ၂၃၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးငြိမ်နေရာ အောက်တိုဘာ ၉ ရက်တွင် ကုလားပဲ V2 တစ်အိတ် လျှင် ကျပ် ၃၁၂,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၃၄၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၈၅,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၉၂,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ လက်ကျန်နည်းလာပြီး ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၉၅,၀၀၀၊ ပဲထောပတ် တစ် အိတ် လျှင် ကျပ် ၄၃၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၃၄၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၈၅,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၅၉၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၂၀၀-၈၃၀၀ ပေါက်ဈေးရှိနေသည်။

အောက်တိုဘာ ၉ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပုံမှန်သာရှိနေရာ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၀၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၁၀,၀၀၀-၆၁၅,၀၀၀၊ အက်ဆစ်လွတ် တစ်အိတ်လျှင် ကျပ် ၆၅၅,၀၀၀-၆၆၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## စက်တင်ဘာလတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂၁၀,၀၀၀ ကျော်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၁၀၄ သန်း ရရှိထား

ပြီးခဲ့သည့် စက်တင်ဘာလတွင် ပြည်ပသို့ ဆန်တန်ချိန် ၂၁၀,၀၀၀ ကျော်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၄ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည့်အချက်အလက်များအရ သိရသည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် ကုမ္ပဏီ ၆၂ ခုမှ ဆန်တန်ချိန် ၁၄၀,၀၀၀ ကျော်၊ ဆန်ကွဲတန်ချိန် ၇၅,၀၀၀ ကျော်ကို အင်ဒိုနီးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ ကင်မရွန်း၊ ပိုလန်၊ ဗီယက်နမ်နှင့် နယ်သာလန်သို့ တင်ပို့ခဲ့ကြောင်း သိရသည်။

လအလိုက်တင်ပို့မှုကို နှိုင်းယှဉ်ကြည့်ပါက စက်တင်ဘာလတွင် တင်ပို့မှုအများဆုံးဖြစ်ပြီး မေလတွင် တင်ပို့မှုအနည်းဆုံး ဖြစ်ကြောင်း သိရသည်။

၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် ၁၁၁,၈၆၂ မက်ထရစ် တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် ၇၁၂,၇၉ ဒသမ ၅ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆ သန်း၊ ဇွန်လတွင် ၁၆၂,၃၂၅ ဒသမ ၇၅ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄ သန်း၊ ဇူလိုင်လတွင် ၁၆၅,၄၄၄ ဒသမ ၃ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁ သန်း၊ ဩဂုတ်လတွင် ၂၀၇,၃၆၉ ဒသမ ၉ မက်ထရစ်တန်တင်ပို့မှုမှ ကန်

ဒေါ်လာ ၉၇ သန်း၊ စက်တင်ဘာလတွင် ၂၁၉,၅၆၅ ဒသမ ၁၃ မက်ထရစ်တန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၄ သန်းရရှိ ထားကြောင်း သိရသည်။

ထို့ပြင် ယခုဘဏ္ဍာနှစ်အတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်ရရှိရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ပြည်တွင်းရည်ညွှန်းဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ်မြင့်တက်လာ



ပြည်တွင်း ရည်ညွှန်းဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ် ဈေးမြင့်တက်လာရာ ဆန်အမျိုးအစားလိုက် တစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် မြင့်တက်လာသည်။

အောက်တိုဘာလအတွက် သတ်မှတ်ထားသော ဆန်ရည်ညွှန်းဈေးနှုန်းများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတ်မှတ်ထုတ်ပြန်ခဲ့ရာ စက်တင်ဘာလထက် အနည်းငယ် မြင့်တက်လာသည်။

စက်တင်ဘာလ ဆန်ဈေးနှုန်း သတ်မှတ်ထုတ်ပြန်ရာတွင် ဆန်အမျိုးအစားအပေါ် မူတည်ပြီး ဆန်တစ်အိတ်လျှင် အနည်းဆုံး ကျပ် ၇၃,၀၀၀ မှ ၁၅၀,၀၀၀ ထိ သတ်မှတ်ထားပြီး စက်တင်ဘာလက အနည်းဆုံး ဆန်တစ်အိတ်လျှင် ကျပ် ၇၁,၀၀၀မှ ၁၅၀,၀၀၀ ထိ သတ်မှတ်ထုတ်ပြန်ခဲ့သောကြောင့် ဆန်အမျိုးအစားအလိုက် တစ်အိတ်လျှင် ကျပ် ၃၀၀၀ ဈေးမြင့်တက်ခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာလအတွက် ဆန်ဈေးနှုန်းများမှာ ဆန်ကြမ်းအုပ်စုဖြစ်သည့် ဧည့်မထ၊ ငစိန်၊ ဆင်းသုခ၊ ရတနာတိုး၊ ကရင်မ၊ ထွင်းပု စသည့် ဆန်အမျိုးအစားများမှာ တစ်အိတ်လျှင် ကျပ် ၇၃,၀၀၀-၈၅,၀၀၀ ကြားကို ရန်ကုန်အထိုင်ဈေးအဖြစ် သတ်မှတ်ထားသည်။

ဆန်ချောအုပ်စုဖြစ်သည့် ဧရာဝတီပေါ်ဆန်း၊ ခွန်နီ၊ ပေါ်ကွဲ၊ ကျားပြန် အမျိုးအစားများမှာ တစ်အိတ်လျှင် ကျပ် ၁၁၀,၀၀၀ မှ ၁၃၅,၀၀၀ ထိ သတ်မှတ်ထားပြီး ပြည်တွင်းစားသုံးမှုများသည့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၄၅,၀၀၀- ၁၅၀,၀၀၀ထိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတ်မှတ်ထားသည်။

အဆိုပါ သတ်မှတ်ဈေးနှုန်းများမှာ ရန်ကုန်အထိုင်ဈေးဖြစ်ပြီး နယ်မြေဒေသအလိုက် ဈေးနှုန်းသယ်ယူပို့ဆောင်စရိတ်ကွာခြား နိုင်သော်လည်း ယင်းထက်ပိုမိုရောင်းချပါက သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## တရုတ်လျှပ်စစ်ကား (EV)များပေါ် သတ်မှတ်သည့် အီးယူ(EU)၏ အခွန်မူဝါဒသည် လွဲမှားနေကြောင်း Bloomberg မှ ထုတ်ပြန်

တရုတ်လျှပ်စစ်ကားများ (EVs) များအပေါ် အခွန် ၄၅ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်ရန် အီးယူ (EU)၏ ဆုံးဖြတ်ချက်သည် နှစ်ဦးနှစ်ဖက် အကျိုးရှိသော စေ့စပ်ညှိနှိုင်းရေးနည်းလမ်းကို ပေးစွမ်းနိုင်မည် မဟုတ်ပါကြောင်း၊ မှားယွင်းသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် နှစ်ဖက်စလုံးအတွက် ပိုမိုဆိုးဝါးသွားစေမည် ဖြစ်ပါကြောင်း Bloomberg ၏ သဘောထားအမြင်ကို ပြောကြားခဲ့သည်။

အီးယူ၏ EV မူဝါဒသည် ၎င်းတို့၏ ကိုယ်ပိုင်ကာဗွန်ထုတ်လွှတ်မှုပစ်မှတ်များကို လျော့ပါးစေရန်နှင့် ပြည်တွင်း ကုမ္ပဏီများအပေါ် ပြိုင်ဆိုင်မှုဆိုင်ရာ ဖိအားများကို လျှော့ချနိုင်စေရန် ရည်ရွယ်သော်လည်း ဆန်းသစ်တီထွင်မှုနှင့် ကုန်ထုတ်စွမ်းအားကို

အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။

အခွန်စည်းကြပ်မှုများကြောင့် ကုန်သွယ်မှု အတားအဆီးများနှင့် နိုင်ငံတော်၏ အကူအညီများ ပိုမိုရရှိရန် တောင်းဆိုချက်သည် "ပျက်စီးနေပြီဖြစ်သော စက်မှုမူဝါဒ" ဆီသို့ တွန်းပို့နေခြင်းဖြစ်ကြောင်းနှင့် ထိုသို့သောကန့်သတ်ချက်များကို အလွန်အကျွံအသုံးပြုနေခြင်းသည် EU ၏ လွတ်လပ်သောကုန်သွယ်မှု ကတိကဝတ်ကို ပျက်ပြားစေနိုင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်လေအားတာဘိုင် ရောင်းချသူများနှင့် ပုဂ္ဂလိကအရေးများအပါအဝင် အခြားစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း Bloomberg ၏ ဆောင်းပါးတွင် ဖော်ပြထားသည်။

အဆိုပါ အခွန်စည်းကြပ်မှုသည် တရုတ်ကားထုတ်လုပ်သူများ၏ ဥရောပတွင် စွမ်းဆောင်ရည် တည်ဆောက်မည်ကို တွန်းအားပေးနိုင်မည်ဟု ထောက်ခံသူများက ပြောဆိုနေကြသော်လည်း ဥရောပတွင် တရုတ်ကားဖြန့်ဖြူးရေးနှင့် ဝန်ဆောင်မှုကွန်ရက်များ တည်ဆောက်ရန် တရုတ်နိုင်ငံအတွက် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၂၀၂၀ ခုနှစ်မှစ၍ တရုတ်နိုင်ငံထုတ် လျှပ်စစ်ကား EV များ တင်သွင်းမှု မြင့်တက်လာသော်လည်း တရုတ်ကုန် အမှတ် တံဆိပ်များသည် လျှပ်စစ်ကား EV ရောင်းချမှုစုစုပေါင်း၏ ၈ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ဥရောပကား ထုတ်လုပ်သူများအနေဖြင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးလာသော ကားဈေးကွက်သို့ ဝင်ရောက်နိုင်ရန်မှာ လိုအပ်နေသေးကြောင်း တွေ့ရှိရသည်။

မြင့်မားသော ကုန်ကျစရိတ်များ၊ နှေးကွေးသော ဆန်းသစ်တီထွင်မှု၊ စည်းမျဉ်းစည်းကမ်းစိန်ခေါ်မှုများနှင့် သီးခြားဖြစ်လာသော အရင်းအနှီးဈေးကွက်များသည် ဥရောပမော်တော်ကား ထုတ်လုပ်သူများအပေါ် ကြီးကြီးမားမား သက်ရောက်မှုရှိကြောင်း ဆောင်းပါတွင် ဖော်ပြထားသည်။

**Source :** http://en.people.cn/n3/2024/1003/c90000-20225970.html

**စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

https://myantrade.gov.mm/

## ဂျပန်နိုင်ငံ၏ လစာနှုန်းမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ၃ လတာအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့

ကုန်စည်ဈေးနှုန်းများ မြင့်တက်မှုနှင့်အညီ လစာတိုးမြှင့်ပေးနိုင်မှု မရှိခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို ထည့်သွင်းတွက်ချက်ထားသော ဂျပန်နိုင်ငံ၏ လစာနှုန်းမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ၃ လတာ ကာလအတွင်း ပထမဆုံးအကြိမ် အဖြစ် ၀ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် လုပ်သားပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဂျပန်ကုမ္ပဏီများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော လုပ်ခလစာဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် နှစ်ပေါင်း ၃၀ အတွင်း အမြင့်ဆုံးလစာနှုန်းထားသို့ တိုးမြှင့်ပေးရန် သဘောတူညီခဲ့ကြကြောင်း၊ ဂျပန်အစိုးရအနေဖြင့် လစာတိုးမြှင့်မှုမှသည် ဝယ်ယူသုံးစွဲနိုင်မှုမြှင့်တင်နိုင်ရေးအတွက် ကုမ္ပဏီများအနေဖြင့် လစာနှုန်းထားများ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ကြောင်း ဖော်ပြထားသည်။

အခြေခံလစာနှင့် အချိန်ပိုကြေးအပါအဝင် လစဉ်ပျမ်းမျှလစာမှာ ၃ ဒသမ ၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၂၉၆,၅၈၈ ယန်း ရှိခဲ့ကြောင်းနှင့် ၃၂ လဆက်တိုက် မြင့်တက်ခဲ့ကြောင်း၊ ဆုကြေးနှင့်အခြားသော ပုံပိုးငွေများ မပါဝင်သည့် ပျမ်းမျှလစာမှာ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၂၆၄,၀၃၈ ယန်း ရှိခဲ့ကြောင်းနှင့် ၃၂ နှစ်အတွင်း အများဆုံးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ အချိန်ပိုကြေးနှင့်အခြားသောရငွေများမှာ ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၉,၅၉၉ ယန်းရှိခဲ့ကြောင်း၊ ဆုကြေးငွေများ အပါအဝင် အထူးဝင်ငွေများ ရရှိမှုမှာ ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၁၂,၉၅၁ ယန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ ကုန်စည်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ၃ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိသော ဂျပန်နိုင်ငံရှိ အချိန်ပြည့်လုပ်သားတစ်ဦး၏ လစဉ်ပျမ်းမျှလစာမှာ ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၃၇၇,၈၆၁ ယန်း ရှိခဲ့ကြောင်း၊ အချိန်ပိုင်း အလုပ်သမားတစ်ဦး၏ လစဉ်ပျမ်းမျှလစာမှာ ၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၁၁၀,၀၃၃ ယန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် အိမ်ထောင်စုများ၏ ပျမ်းမျှအသုံးစရိတ်မှာ ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ၂ လတာအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ လူ ၂ ဦးနှင့် အထက်ရှိသော အိမ်ထောင်စုများ၏ တစ်လပျမ်းမျှအသုံးစရိတ်မှာ ၂၉၇,၄၈၇ ယန်းရှိကြောင်း၊ လူ ၂ ဦး အနည်းဆုံးရှိသော အိမ်ထောင်စုများ၏ ပျမ်းမျှလစာမှာ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၅၇၄,၃၃၄ ယန်းရှိခဲ့ကြောင်းနှင့် ၄ လဆက်တိုက် မြင့်တက်ခဲ့ကြောင်း ဂျပန်နိုင်ငံပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

**Source: The Japan Today**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားရှိနေသော်လည်း ပဲစင်းငုံဈေးကွက်ကျဆင်းနေ



အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားရှိနေသော်လည်း ပဲစင်းငုံဈေးကွက် ကျဆင်းနေရာ တစ်တန်လျှင် ကျပ် ၅၀၀,၀၀၀ ခန့် ကျဆင်းခဲ့ကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်ပပို့ကုန်များထဲမှ ပဲစင်းငုံနီက အောက်တိုဘာလ ဆန်းပိုင်းကတည်းက ပဲစင်းငုံနီတစ်တန်လျှင် ကျပ် ၄၆သိန်း အောက်ရောက်ရှိလာခြင်း ဖြစ်သည်။

စက်တင်ဘာလဆန်းပိုင်းက ရန်ကုန်ဘုရင့်နောင် ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်လျှင် ကျပ် ၅၁ သိန်းအထိ ပေါက်ဈေးရှိသလို FOB ဈေးနှုန်းမှာလည်း တစ်တန်လျှင် ၁၁၂၀–၁၁၃၀ ဒေါ်လာရှိခဲ့ရာ အောက်တိုဘာ ပထမသီတင်းပတ်အတွင်းမှာ တစ်တန်လျှင် ကျပ် ငါးသိန်းဝန်းကျင် အထိ ဈေးကျနေခြင်း ဖြစ်သည်။

“ပဲစင်းငုံ ပြည်တွင်းလက်ကျန် မရှိသလောက်နည်းပါးနေပြီး ဈေးကွက်အတွင်း အဝင်မရှိတော့ပါဘူး။ ပြည်ပဝယ်လိုအားကတော့ရှိနေပေမဲ့ အဝယ်လိုက်တဲ့ အခြေအနေမျိုးတော့ မဟုတ်ပါဘူး။ နောက် ပြည်တွင်း ဒေါ်လာဈေးနှင့်ရွှေဈေးကျဆင်းနေတော့ ပို့ကုန်ပဲဈေးကွက်မှာ ဈေးကျဆင်းမှုတွေ ရှိလာတာပါ။ လက်ရှိမှာ ပဲစင်းငုံနီ တစ်တန်လျှင် FOB ဈေး ၁၀၇၀–၁၀၈၀ သာ ပေါက်ဈေးရှိနေပါတယ် ”ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာ ၂၁ ရက်က ပဲစင်းငုံနီ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၄၆၀,၀၀၀ ပေါက်ဈေးဖွင့်ခဲ့ပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်ထိ အရောင်းအဝယ် ပေါက်ဈေးမရှိတော့ခြင်း ဖြစ်သည်။

၂၀၂၅ ခုနှစ် ပဲစင်းငုံအသစ်မှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီလမှာ စတင်ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ဗီယက်နမ်နှင့်တရုတ်တို့သည် QR ကုဒ်ဖြင့် ငွေပေးချေမှုအပါအဝင် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြ

တရုတ်နှင့်ဗီယက်နမ်တို့သည် တရုတ်ဝန်ကြီးချုပ်၏ သုံးရက်တာခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင် ရန်ကြိုးပမ်းသည့်အနေဖြင့် စိုက်ပျိုးရေး၌ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော် QR ကုဒ်ငွေပေးချေမှုများ ပါဝင်သည့် သဘောတူညီချက် ၁၀ ခုကိုလက်မှတ်ရေးထိုးခဲ့ကြကြောင်းသိရသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အရေးပါသော သွင်းကုန်အရင်းအမြစ်တစ်ခုဖြစ်ကာ ယခုနှစ်ပထမသုံးလအတွက် နှစ်နိုင်ငံကုန်သွယ်မှုသည် ယမန်နှစ်အလားတူကာလ၏ပမာဏ အမေရိကန်ဒေါ်လာ ၁၄၈ ဘီလျံထက် ၂၁ ရာခိုင်နှုန်း ခုန်တက်သွားခဲ့သည်ဟုလည်းသိရသည်။

လက်မှတ်ရေးထိုးပွဲအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား စီးပွားရေးအရဆက်ဆံမှုနှင့် လယ်ယာထွက်ကုန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ကမူ တရုတ်နိုင်ငံအနေဖြင့် ဗီယက်နမ်နှင့်စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရန်၊ ဗီယက်နမ် လယ်ယာ ထွက်ကုန်များအတွက် လမ်းဖွင့်ပေးပြီး နယ်စပ်များတွင် အကောက်ခွန်ကင်းလွတ်ခွင့် တိုးမြှင့်ပေးရန် တရုတ်နိုင်ငံအား တောင်းဆိုခဲ့သည်ဟုလည်း သိရသည်။

**Source : နစ်ကေးအေးရှား**

https://www.popularmyanmar.com/

## STOCK EXCHANGE (14.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,697 (Shares) | 9,244,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 379 | 3,259,400 | 33,109,694 | 284,743 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,300 | 3,400 | 3,300 | 225 | 750,000 | 38,929,150 | 132,359 |
| MCB | 00003 | 8,400 | -400 | -4.55% | 8,400 | 8,400 | 8,400 | 24 | 201,600 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 380 | 737,150 | 29,664,613 | 57,846 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,700 | 2,700 | 2,700 | 75 | 202,500 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 864 | 1,462,300 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,300 | 4,500 | 4,300 | 85 | 370,900 | 10,497,598 | 47,239 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 665 | 2,261,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.44 | -3.61 | -0.89% | 397.95 | 402.44 | 397.95 | 2,697 | 9,244,850 | 8 | 759,076 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 2,697 (Shares) | 9,244,850 (MMK) |

## Main Board

As of 1:00 pm, 14th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,697 (Shares) | 9,244,850 (MMK) |

| MYANPIX | 402.44 ▼ 3.61 |
|---|---|
| Total Volume (shares) | 2,697 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 759,076 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 8,400 | ▼ 400 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |